# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

## (၂၇)ရက်မြောက်နေ့ အစီအစဉ်

## [ ၁၆–၅– ၂၀၁၆ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်၊ မန်ပုံကျေးရွာအုပ်စုအတွင်းရှိ နောင်ယကျေးရွာ အနီးတွင် ငွေရည်ပုလဲကုမ္ပဏီလီမိတက်မှ ကျောက်မီးသွေးများ တူးဖော်လျက်ရှိရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျောက်မီးသွေး၊ သတ္တုတူးဖော်ထုတ်လုပ် ခွင့်ပြုပေးခဲ့ပါသလား၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ္တုတူးဖော်ထုတ်လုပ် ခွင့်ပြုပေးသည်ဆိုပါက သက်ဆိုင်ရာ ကျေးရွာပြည်သူလူထု၊ တောင်သူများနှင့် မည်ကဲ့သို့ သဘောတူညီချက် ရယူထားပါသနည်း၊ သက်ဆိုင်ရာ ဒေသခံ

တောင်သူများက ငွေရည်ပုလဲ ကုမ္ပဏီလီမိတက်မှ လုပ်ကိုင်လျက်ရှိသော ကျောက်မီးသွေး တူးဖော်နေခြင်းအား ချက်ချင်းရပ်ဆိုင်းပေးပါရန်နှင့် ဒေသတွင်း သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးခြင်းအတွက် ထိုက်သင့်သော လျော်ကြေးများ ပြန်လည်ပေးအပ်ရန် တင်ပြတိုင်ကြားစာနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာမှ မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက် ပေးမည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမင်းနောင်၊ ပင်လည်ဘူး မဲဆန္ဒနယ်၏ ပင်လည်ဘူးမြို့နယ်တွင် ကျောက်မီးသွေး(စက်မှုတွင်းထွက်ကုန်ကြမ်း) ထုတ်လုပ် ရောင်းချသော ကုမ္ပဏီတစ်ခုနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနက မည်သို့ ဆောင်ရွက်ခွင့်ပြုထားပြီး နိုင်ငံတော်အတွက် အကျိုးအမြတ် မည်မျှရရှိသည်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးဝင်းအောင်၊ ခင်ဦး မဲဆန္ဒနယ်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်ရှိ တောင်သူ(၄၂)ဦး ပိုင်ဆိုင်လုပ်ကိုင်စားသောက်လျက်ရှိသော ပုံစံ(၇)ကျပြီးဖြစ်သည့် ယာမြေများအား သိမ်းဆည်း၍ တရားစွဲဆိုထားသည့် မြေသည် သစ်တောကြိုးဝိုင်း၊ ပျဉ်ထောင်ကြိုးပြင်ကာကွယ်တောဖြစ်ခြင်း၊ လုပ်ကိုင်စားသောက်ခဲ့သည်မှာ နှစ်ပေါင်း(၃၀)ကျော်ပြီဖြစ်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော်တွင် သစ်တောဝန်ကြီးဌာနမှ ဤကဲ့သို့ နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သော တောင်သူများ၏ မြေများကို ပုံစံ(၇)ထုတ်ပေးမည် ဖြစ်ကြောင်း ဖြေဆိုခဲ့ခြင်းတို့ကြောင့် နစ်နာနေသော တောင်သူများအား မြေများ ပြန်လည်ပေးအပ်ရန်နှင့် တရားစွဲဆိုထားသော အမှုအား ရုပ်သိမ်းပေးပါရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်က တင်သွင်းသည့် "ထိန်းသိမ်းပြုပြင်ရန် နောက်ကျလျက် ရှိသဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ခြိမ်းခြောက်နေသော မကွေးတိုင်းဒေသကြီး၊ မုန်းချောင်း တစ်လျှောက်ရှိ မုန်းတမံနှင့် ကျီးအုံကျီး၀ တမံ ပျက်စီးမှုများနှင့် စစ်ကိုင်းတိုင်းဒေသကြီး- ချင်းပြည်နယ် နယ်စပ်၊ ရာဇဂြိုလ်ဆည်အထက်ရှိ သဘာ၀မြေပြိုကျန်တို့ အတွက် ယခုလာမည့် မိုးရာသီမတိုင်မီ အမြန်ဆုံးလုပ်ဆောင်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၊

(ခ) ဦး၀င်း၀င်း၊ မင်းဘူး မဲဆန္ဒနယ်၊

(ဂ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း၀င်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ စက်မှု၀န်ကြီးဌာနက ပေးပို့သော "ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများ" နှင့်စပ်လျဉ်း၍ တင်သွင်း ထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၈)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။